# ကြမ်းကြားကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြမ်းကြားကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၀ ခုနှစ် ၊ မေ လ

**မာတိကာ**

စာမျက်နှာ


| | | | |
|---|---|---|---|
| စကားချီ | | | ၁ |
| တောင်တွင်းကြီးမြို့နယ်၊ **ကြမ်းကြား** ကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၂ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၃ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၃ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၅ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၅ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၅ |
| | (ခ) | စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၆ |
| | (ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၇ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၇ |
| | (င) | ပညာရေး | ၈ |
| | (စ) | ကျန်းမာရေး | ၈ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈ |
| | (ဇ) | ကျား/မ ရေးရာ | ၉ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၀ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၁ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၂ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၂ |
| | ဇယား (၂) | လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၁၃ |
| | ဇယား (၃) | လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၁၇ |
| | ဇယား (၄) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၁၈ |
| | ဇယား (၅) | ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၁၉ |
| | ဇယား (၆) | ဥစ္စာဓနအဆင့် အခြေအနေ | ၂၀ |
| | ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၁ |
| | ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၂ |

| | | |
|---|---|---|
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၃ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၂၄ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၂၅ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၂၇ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၂၈ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၂၉ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၀ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၁ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၂ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၃ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၃၄ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၃၅ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၃၇ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၃၉ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၀ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၂ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၃ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၃ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၄ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၄၅ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၄၇ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၄၈ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၄၉ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၅၀ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၁ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၂ |

| | | | |
|---|---|---|---|
| | ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၃ |
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၄ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၅၅ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၅၇ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၅၈ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၅၉ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၆၀ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၁ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၂ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၂ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၃ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၃ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၆၄ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၆၅ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၆၆ |
| | ကိုးကားစာရင်း | | ၇၁ |

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ **ကြမ်းကြား** ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသော အစီအစဉ် ဖြစ်ပါသည်။စီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှု များတွင်မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ် သိရှိနိုင်မည်ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြတောင်းခံ နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော **ကြမ်းကြား** ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာအသုံးပြုခြင်းမဟုတ်ဘဲပြောင်းလဲမှုရှိလာသည်နှင့်အမျှပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြမ်းကြားကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ကြမ်းကြား ကျေးရွာ   အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း – တောင်တွင်းကြီးမြို့နယ် ၊ ဂုံညင်းတန်းကျေးရွာအုပ်စု ၊ ကြမ်းကြားကျေးရွာတွင် ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင်ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

(၁) **နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

ကြမ်းကြားကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

( ခ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့်၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်

၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုး လာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါ သည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကြမ်းကြား ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးတောင်တွင်းကြီး မြို့နှင့်(၁၉)မိုင်ခန့်အကွာတွင်တည်ရှိ၍ တောင်တွင်း - ချောင်းနက် - နေပြည်တော်လမ်း၏ တောင်ဘက် (၄)မိုင်အတွင်းတွင် တည်ရှိပါသည်။ဤကျေးရွာသည် ပထဝီအနေ အထားအရ မြေပြန့် ဒေသဖြစ်ပြီး မြောက်လတ္တီကျူ့(၁၉ )ဒီဂရီ (၅၈)မိနစ်နှင့်အရှေ့လောင်ဂျီကျူ့(၉၅ )ဒီဂရီ(၁၃) မိနစ် ကြားတွင် တည်ရှိပါ သည်။ အမြင့်ဆုံး အပူချိန်မှာဧပြီလတွင် (၄၄.၅) ဒီဂရီစင်တီဂရိတ် နှင့် အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် (၁၁.၅) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် (၄၃၆)ပေအမြင့်တွင် တည်ရှိပြီး မိုးအများဆုံးရွာသောလမှာ ဇူလိုင်လ နှင့်ဩဂုတ်လ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ်မိုးရေချိန်(၄၀)လက်မခန့်ရွာသွန်းပြီး သဘာဝ ပေါက်ပင်များမှာ မန်ကျည်းပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ဇီးပင် ၊ သီးပင် စသော အပင်များ ပေါက်လေ့ ရှိပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သောလယ်ဧကမှာ ( ၇၃၁)ဧကခန့်ရှိပြီး သီးထပ်သီးနှံအဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ နေကြာ တို့ စိုက်ပျိုးနိုင်ပါသည်။မြေအောက်ရေတွင်းမှ ရေကိုသော်လည်းကောင်း ကျေးရွာ အနီး ချောင်းအတွင်းမှသော်လည်းကောင်း ရေစုပ်စက်ဖြင့် စုပ်ယူပြီး ငရုတ် ၊ ခရမ်းချဉ် ၊ ဖရဲ ၊ သခွား ၊ ပြောင်းများ စိုက်ပျိုးနိုင်ပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကြမ်းကြားကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းရှိပြီး ဂေါပကအဖွဲ့များ ၊ ဓမ္မ စကူးလ်အဖွဲ့ ၊ နာယကအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ လူငယ်အဖွဲ့ ၊အမျိုးသမီးအဖွဲ့ ၊ မီးကော်မတီများ ၊ ကျောင်းကော်မတီများ ၊ လူမှုကူညီရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက် ရှိပါ သည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော ဘာသာရေး ၊ နာရေး ၊ လူမှုရေး ကိစ္စကြီးငယ် များ ပေါ်ပေါက်လျှင်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ၎င်းအဖွဲ့များဖြင့် ပူးပေါင်းကာ ကျေး ရွာသူ/ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အထကောင်းများ ရှိပါသည်။ပြင်ပမှ အသေးစားချေးငွေများဖြစ်သော ပက်စ်မြန်မာ ၊ စထာပါနာ ၊ သမဝါ ယ ၊ BNK ငွေစုငွေချေးအဖွဲ့နှင့် အစိုးရချေးငွေဘဏ်အဖွဲ့အစည်းများလည်း ရှိပါသည်။

(ခ)　**စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ**

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြပြီး ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ကြံဖြစ်၍ ကုလားပဲ ပဲကြီး ၊ မြေပဲ ၊ မတ်ပဲ ၊ နေကြာ ၊ ပြောင်း စသည်တို့ကို သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေမှာ(၁၄၀၃)ဧကရှိပြီး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၄၀)တင်းမှ အများဆုံး (၉၀)တင်းထွက်ရှိပြီး ပျမ်းမျှ (၆၀)တင်းထွက်ရှိပါသည်။ကြံထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၁၅)တန်မှ အများဆုံး (၄၀)တန်ထွက်ပြီး ပျမ်းမျှတန် (၂၀)ထွက် ရှိပါသည်။ကုလားပဲအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၅)တင်းမှ အများဆုံး (၁၅)တင်း ထွက်ပြီး ပျမ်းမျှ (၉)တင်းထွက်ရှိပါသည်။ကျေးရွာမှ နှစ်စဉ်မိုးစပါး (၄၀၀၀၀)တင်း ၊ ကြံတန်ချိန် (၄၅၀၀)နှင့်ကုလားပဲ (၅၀၀)တင်းတို့ထွက်ရှိပါသည်။

မြေအောက်ရေရှိခြင်း ၊ ကျေးရွာအနီး ချောင်းရှိခြင်းတို့ကြောင့် သီးထပ်သီးနှံ စိုက်ပျိုး ထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ထိုသီးထပ်သီးနှံထုတ်ကုန်များအတွက် ဈေးကွက်၏ အချိတ်အဆက်နှင့်ရောင်းချရေးစနစ်များသည် ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ စွမ်းဆောင်နိုင်ခြင်းမရှိပါ။မိရိုးဖလာနည်းဖြင့်သာ သီးနှံများစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေး နည်းစနစ်များမှန်ကန်မှုမရှိခြင်းနှင့်စိုက်ပျိုးရေးနည်းပညာများအားနည်းခြင်းတို့ကြောင့် အထွက်နှုန်း နည်းသည်ဟု တင်မြင်ယူဆရပါသည်။ကုလားပဲမှာ ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ထို့အပြင် အဓိကသီးနှံများဖြစ်သော စပါး ၊ ကြံတို့မှာလည်း တည်ငြိမ်သော ဈေးကွက်မရှိသောကြောင့် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သော တောင်သူများ ဝင်ငွေနည်းပါးလာပြီး အရှုံးပေါ်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းပါး သည့်အတွက် လူငယ်/လူရွယ်များ ပြည်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများ ရရှိနိုင်ပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာမည်ဟု ယူဆရပါသည်။

ကျေးရွာအတွင်း တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေး ဝမ်းကျောင်းအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာ ဌာန

အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပို့ချမည်ဆိုပါက ကျေးရွာ၏ စီးပွားရေး အခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာရှိ အိမ်ထောင်စု အသီးသီးအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန် အဝီစိတွင်းများတူးဖော်၍ အသုံးပြုကြပါသည်။ကျေးရွာရှိ အိမ်ထောင်စု ၁၀၀% သည် အဝီစိတွင်း များမှ စက်တပ်၍ သော်လည်းကောင်း တုံကင်တပ်၍သော်လည်းကောင်း သောက်သုံးရေရရှိကြပါသည်။ကျေးရွာတွင် ဂုံ/ကြမ်း အထက်တန်းကျောင်းရှိပြီး ဆရာ/ဆရာမ (၂၅)ဦးခန့် ရှိပါသည်။ ကျေးရွာပေါင်း (၅)ရွာမှ အထက်တန်းအဆင့်ကို လာရောက်မှီခို အားထားရပါသည်။

ကြမ်းကြားကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ကျန်းမာရေး အခက်အခဲရှိသော ကိုယ်ဝန် ဆောင်မိခင်များ ၊ မွေ့ကိုက်လူနာများ နှင့်အရေးပေါ်လူနာများမှာရွာမှ (၁၉)မိုင်ခန့် ကွာဝေး သောတောင်တွင်းကြီးမြို့နယ်ဆေးရုံသို့သွားရောက်ကြပါသည်။ကျေးရွာတွင် ယခုလက်ရှိ အချိန်မှာလျှပ်စစ်မီးမရရှိသေးပါ။ထို့ကြောင့် ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်း၍ ကျေးရွာ အိမ်ထောင်စုများ ငွေကြေးထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ၍ ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးတွင်းအခါတွင် ရွှံ့ဗွက်များ ထူထပ်သဖြင့် ကျောင်းသား/ကျောင်းသူများ ၊ သက်ကြီးရွယ်အိုများ အပါအဝင် အများပြည်သူများ သွားလာရန်ခက်ခဲပါသည်။ထို့ကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာတွင် သွားလာရေး ပိုမိုလွယ်ကူပြီး ရွာသူ/ရွာသားများအတွက် ပိုမိုအကျိုးရှိမည် ဖြစ်ပါသည်။လမ်းမကြီး တွင် ကွန်ကရစ်လမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက် ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

သဲကျွန်းကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက် လိုအပ်သော ချေးငွေများကို မိုးစပါး စိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ (၁)ဧကလျှင် (၁၅၀၀၀၀) ကျပ် ထုတ်ချေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှု များဖြစ်သော ပက်စ်မြန်မာ ၊ စထာပါနာ ၊ သမဝါ ယ ၊ BNK ငွေစုငွေချေးအဖွဲ့ အစည်းများ ရှိသော်လည်း လယ်သမားများသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် (ဥပမာ – တစ်နိုင်တစ်ပိုင် မွေးမြူရေး ၊ အရောင်းအဝယ် နှင့် ငွေကြေးဝန်ဆောင်မှုများ ) လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အလယ်အလတ်အဆင့် ရှိကြောင်း သိရပါသည်။ရွာသားအများစုသည်အခြေခံအရေးအဖတ်အတွက်တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များနှင့်ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာအနီးတွင် ဂုံ/ကြမ်း အခြေခံပညာအထက်တန်းကျောင်း ရှိပါ သည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ လက်လမ်းမမီသောကြောင့် လူငယ်များ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျနေဆဲ ဖြစ်ပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူ/ကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပြီး အခြားလူများတွင် မိုးရာသီတုတ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။ဒေသထွက် ဟင်းသီးဟင်းရွက် ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်းနှင့် အလုပ်အကိုင်အဆင်ပြေခြင်းတို့ကြောင့် မိသားစုများ ဝမ်းရေးအတွက် နေ့စဉ်ဝင်ငွေရရှိသည့်အတွက် အာဟာရချို့တဲ့မှု မရှိပါ။ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသူငယ်များ ကျန်းမာရေးအတွက် ဆရာ/ဆရာမများရှိပါသည်။ထို့အပြင် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကြမ်းကြားကျေးရွာကျေးလက်ကျန်းမာရေးဌာနမှ အပတ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ လယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်းတို့အတွက် ဓာတုဗေဒ ကွန်ပေါင်းဓါတ်မြေသြဇာ အသုံးပြုခြင်း ၊ သဘာဝမြေဆွေးဓါတ်မြေသြဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက် ပျက်ယွင်းမှုများ ကြုံတွေ့ရသည်။ စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့စေရန်အတွက် ဘေးကင်းလုံခြုံမှုရရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ချောင်း၊မြောင်းတိမ်ကောလာခြင်းကြောင့်မိုးရာသီတွင်မိုးရက်ဆက်ရွာသွန်းပါကစပါးခင်းများ နှမ်းခင်းများ ရေနစ်မြုပ်ခံရ ခြင်းတို့ကြောင့် သီးနှံများ အထွက်နှုန်းလျော့ခြင်းများကြုံတွေ့ရပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နှစ်ရှည်သစ်ပင်များ စိုက်ပျိုးရန် လိုအပ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ကျေးရွာ အိမ်ထောင်စုများ ချက်ပြုတ်ရန် စွမ်းအင်လို အပ်ချက်အတွက်

ထင်းအစား လျှပ်စစ်မီး ဖြည့်ဆည်းပေးနိုင်လျှင် သဘာဝပတ်ဝန်းကျင် ပိုမိုစိမ်းလန်းလာမည်ဟု ယူဆရပါသည်။

(ဧ) **ကျား/မ ရေးရာ**

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။အမျိုးသမီးများသည်လည်း ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေးတို့တွင်ပါဝင်လုပ်ဆောင်ကြပါသည်။လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသမီးများသည်ကောက်စိုက်ခြင်း ပေါင်းနုတ်ခြင်းနှင့်အမျိုးသားများသည် လယ်ထွန်ခြင်း ၊ စပါးရိတ်ခြင်း ၊ ကြံခုတ်/ကြံတင် လုပ်ငန်းများကို လုပ်ကိုင် ကြပါသည်။

ဘာသာရေး အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် ရှင်ပြုအလှူပွဲများကျင်းပခြင်း ဆွမ်းလောင်းပွဲများကျင်းပခြင်း ၊ဆီမီးကန်တော့ပွဲများ ကျင်းပခြင်း ၊ ဝါကပ် လှည့်လည် ဆီမီးပူဇော်ပွဲများကျင်းပခြင်း၊ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားစခန်းပွဲများ ကျင်းပကြပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေး ကြောင်းတွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မ တန်းတူ အခွင့်အရေး ရှိပါ သည်။

**တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဂုံညင်းတန်း | ကြမ်းကြား | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | |
| ၂ | | | လျှပ်စစ်မီးရရှိခြင်း | ၂ | |
| ၃ | | | စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း | ၃ | |
| ၄ | | | လယ်ယာသုံးစက်ယန္တရားရရှိခြင်း | ၄ | |
| ၅ | | | စိုက်ပျိုးရေးနည်းပညာဟောပြောပွဲပြုလုပ်ခြင်း | ၅ | |
| ၆ | | | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆ | |
| ၇ | | | အားကစားကွင်းရရှိခြင်း | ၇ | |
| ၈ | | | ကျောင်းရွာဆေးပေးခန်းအဆင့်မြှင့်တင်ခြင်း | ၈ | |
| ၉ | | | စိုက်ပျိုးရေကန်ပြန်လည်တူးဖော်ခြင်း | ၉ | |
| ၁၀ | | | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း | ၁၀ | |

## တောင်တွင်းကြီးမြို့နယ် ၊ ဂုံညင်းတန်းကျေးရွာအုပ်စု ၊ ကြမ်းကြား ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဥ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ | ၂၀၂၃ – ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | လျှပ်စစ်မီးရရှိခြင်း | ၂ | | √ | | | |
| ၃ | စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း | ၃ | | √ | | | |
| ၄ | လယ်ယာသုံးစက်ယန္တရားရရှိခြင်း | ၄ | | | | | √ |
| ၅ | စိုက်ပျိုးရေးနည်းပညာဟောပြောပွဲပြုလုပ်ခြင်း | ၅ | | | √ | | |
| ၆ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆ | | | | √ | |
| ၇ | အားကစားကွင်းရရှိခြင်း | ၇ | | | | | √ |
| ၈ | ကျောင်းရွာဆေးပေးခန်းအဆင့်မြှင့်တင်ခြင်း | ၈ | | | | √ | |
| ၉ | စိုက်ပျိုးရေကန်ပြန်လည်တူးဖော်ခြင်း | ၉ | | | √ | | |
| ၁၀ | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ခြင်း | ၁၀ | | | | √ | |

နောက်ဆက်တွဲ (ခ)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၁ | ၇ | ၂၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၉ | ၄၈ | ၉၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၄ | ၅၉ | ၁၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၂ | ၇၀ | ၁၅၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၉၁ | ၇၆၃ | ၁၄၅၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၆၇ | ၁၀၃ |
| **စုစုပေါင်း** | | **၉၅၃** | **၁၀၁၄** | **၁၉၆၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၄၅** | | |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုုးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ လူဦးရေ၏(၆၀%)မှာ အမျိုးသမီးဦးရေဖြစ်နေခြင်း ၊ နို့စို့အရွယ်အနည်းငယ်သာရှိခြင်း၊ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်များနေခြင်း၊ (၅)နှစ်အောက်ကျောင်းမနေသေးသည့်အရွယ်ကလေးများအတွက်မိခင်များ ဝင်ငွေရလုပ်ငန်း မလုပ်နိုင်ခြင်း အလုပ်လုပ်နိုင်သည့်အရွယ်များသော်လည်းစီးပွားရေးအခြေအနေအရပိုမိုအဆင်ပြေသောပြည်တွင်း/ပြည်ပသို့လူငယ်/လူရွယ်များပြောင်းရွှေ့ထွက်ခွာပြီးအလုပ်လုပ်ကိုင်နေသည့်အတွက်ကြောင့်ကျေးရွာတွင် လုပ်သားရှားပါးလွန်းလာသည့် ပြဿနာများ တွေ့ရှိရခြင်း ၊ လယ်ယာသုံး စက်ကိရိယာများ

ဝယ်ယူရန်မတတ်နိုင်ကြ၍ လုပ်သားအင်အားအပေါ် မှ ီခိုလွန်းရသည့် အခြေအနေတွင် လုပ်သားအင်အားရှားပါးလာသည့်ပြဿနာကြောင့်သီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်းခြင်း တို့ မပြုလုပ်နိုင်ကြသောကြောင့် တောင်သူများအတွက် အဆင်မပြေဘဲ အရှုံးပေါ်နေရခြင်းတို့ကို လေ့လာ တွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၈၇ | ၃၆၇ | ၃၀ | မြင့်☐လတ် √ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၅၆ | ၂၁၉ | ၁၂ | မြင့်☐လတ်√ နိမ့်☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်√နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |

| | | | | | |
|---|---|---|---|---|---|
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | ၃ | မြင့်□လတ်□နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၁ | မြင့်□လတ်□နိမ့်√ |
| ၉ | **ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | ၇ | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | ၁၂ | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ် □နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ရေးငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၅ | မြင့်□လတ်□နိမ့်√ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၄ | မြင့်□လတ်□နိမ့်√ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၄ | မြင့်□လတ်□နိမ့်√ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ် ☐နိမ့်☐ |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | - | - | - | ☒ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | **၄၄၅** | **၅၈၉** | **၇၈** | |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်နိုင်သည့် အိမ်ထောင်စုသည် (၂၈၇)စု ရှိသည့်အတွက် အလုပ်သမား ၊ ဝန်ထမ်းလုပ်သူ အိမ်ထောင်စုထက်များနေခြင်း ၊ ဆောက်လုပ်ရေး ၊ လက်သမား ဝန်ထမ်းလုပ်သူ အနည်းငယ်သာရှိခြင်း ၊ လက်လီလက်ကား ရောင်းဝယ်ရေး ၊ ကိုယ်ပိုင်လုပ်ကိုင် အနည်းငယ်ရှိခြင်း၊ လက်သမား/ ပန်းရံ ကိုယ်ပိုင်လုပ်ကိုင်သူ အနည်းငယ်သာရှိခြင်း ၊ အရောင်းအဝယ်ပြုလုပ်သူ အနည်းငယ်ရှိခြင်း ၊ ပညာရေး ၊ ကျန်းမာရေး ၊ စစ်ဘက်တို့တွင် ဝန်ထမ်းလုပ်ကိုင်သူ အနည်းငယ်သာရှိခြင်း ၊ ဤကျေးရွာတွင် ကျပန်းလုပ်ကိုင်သူ အသင့်အတင့်ရှိပြီး အဓိကတောင်သူလုပ်ကိုင်သူများကြောင်း တွေ့ရှိရပြီး စိုက်ပျိုးရေးမှ ရရှိသည့် ဝင်ငွေကို အိမ်ထောင်စု အများစု မှီခိုစားသောက်နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်-- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ကျား/မလုပ်အားခဈေး(၄၀၀၀)ကျပ်တူညီစွာရရှိကြပြီး ယနေ့အချိန်အထိအထက်ပါဈေးနှုန်းများဖြင့် သတ်မှတ်ချက်ရှိသော်လည်း တောင်သူလုပ်ကိုင်သူများအတွက်လုပ်သားအင်အား အခက်အခဲရှိခြင်း ဆောက်လုပ်ရေး ပန်းရံ/လက်သမား လုပ်ငန်းအတွက် ကျားလုပ်အားခ (၇၀၀၀)ကျပ်၊ မ လုပ်အား (၅၀၀၀)ကျပ်တို့ဖြင့်သတ်မှတ်ထားရှိသည့်အတွက်ဤကျေးရွာတွင်နေ့စားလုပ်အားခ သတ်မှတ်ချက်များဖြင့်သာ လုပ်ကိုင်ကြပြီးနာရီအလိုက် (၁)နာရီ တွက်ချက်လုပ်ကိုင်သည့် လုပ်အားခသတ်မှတ်မှုမျိုး မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၇၃၁ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၇၂ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၃ | ကောင်း ☐ သင့်√ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ √ |
| **စုစုပေါင်း** | **၁၄၀၆** | ☒ |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်မြေ (၇၃၁)ဧက ၊ ယာမြေ ( ၆၇၂)ဧက ရှိ၍ စားကျက်မြေ(၃)ဧကသာ ရှိပါသည်။လယ်မြေဧက အများဆုံးရှိသည့်အတွက် စပါးသီးနှံအများဆုံး ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ယာမြေဧကများမှာ အသင့်အတင့်ရှိသည့်အတွက် ပဲသီးနှံ ၊ ကြံ ၊ ပြောင်း ၊ နှမ်း စသည့် သီးနှံများ တည်ငြိမ်မှု မရှိသည့်အတွက် စပါးသီးနှံအဓိက လုပ်ကိုင်သူ တောင်သူများအတွက် ကုန်ကျငွေနှင့် ရရှိငွေ ညီမျှမှု မရှိသည်ကို တွေ့ရှိရပါသည်။

## (၈-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐မရှိ √ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ√ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း √ မရှိ☐ | လွယ် ☐ခက်√အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် √ နည်း ☐ မရှိ☐ | လွယ် √ ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ √ | ☒ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သတ္တု နှင့်အခြားတွင်းထွက်သယံဇာတများ ( ဓါတ်ငွေ့ ၊ သဲ ၊ ကျောက်စရစ် အနည်းငယ်ရရှိနိုင်၍ လုံလောက်မှု မရှိသေးပါ။အမျိုးစိတ်များ ရှားပါးစွာ တွေ့ရှိရပြီး သဘာဝ အပင်မျိုးစိတ်များတွင်နွားစာသည်မိုးတွင်းနှင့်ဆောင်းတွင်းအခါတွင်ပေါများစွာ ထွက်ရှိ၍ ဆေးဘက်ဝင်အပင်များမှာ နွေအခါ တွင် အနည်းငယ်သာရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ် အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေ အထက် | ၅ ကေ အထက် | ၁ ကေ | မြေမဲ့ယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး/ပျဉ်ကာ | သွပ်မိုး/ထရံကာ | သက္ကယ်မိုး ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ဆန်စက် ဆီစက် | ခြွေလှေ့စက် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ဈေးသည် | ကျပန်း |
| **အိမ်ထောင်စု** | **၄၆** | **၁၉၅** | **၁၆၆** | **၃၈** |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးမြေယာပိုင်ဆိုင်မှု (၁၀)ကေရှိသော အိမ်ထောင်စုသည် အဆင်ပြေသောအိမ်ထောင်စု ၊ လယ်/ယာမြေ (၅)ကေ ပိုင်ဆိုင်သော အိမ်ထောင်စု သည် အလယ်အလတ်စီးပွားရေးရှိသူ ၊ မြေ (၁)ကေသာ ပိုင်ဆိုင်သော အိမ်ထောင်စုများသည် မပြေလည်သည့်အိမ်ထောင်စုဟူ၍တွေ့ရှိရပါသည်။သက္ကယ်မိုး၊ထရံကာ၊အိမ်ခြေ(၃၈)အိမ်ရှိ၍အလွန်မပြေလည်သည့် အိမ်ထောင်စု (၈.၅၄%) ရှိပါသည်။သွပ်မိုးထရံကာ အိမ်ခြေ (၁၆၆) အိမ်ရှိ၍ မပြေ လည် သော အိမ်ထောင်စု ( ၃၇.၃၀%) ရှိပါသည်။ သွပ်မိုး ပျဉ်ထောင်အိမ် (၁၉၅) အိမ်ရှိ၍ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၄၃.၈၂%)ရှိပါသည်။တိုက်အိမ်(၄၆) အိမ်ရှိ၍ အဆင်ပြေသော အိမ်ထောင်စုမှာ ( ၁၀. ၃၃% ) ရှိပါသည်။ ကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စုမှာအများဆုံးဖြစ်၍ မပြေလည်သော အိမ်ထောင်စုများသည် များပြားနေကြောင်း တွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ =____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်-ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

<table>
<tr><th>အကြောင်းအရာ</th><th>ကျား</th><th>မ</th><th>ပေါင်း</th></tr>
<tr><td>မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်</td><td>-</td><td>-</td><td>-</td></tr>
<tr><td>မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်</td><td>-</td><td>-</td><td>-</td></tr>
<tr><td></td><td colspan="3">အိမ်ထောင်စု အရေအတွက်</td></tr>
<tr><td>ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု</td><td colspan="3">-</td></tr>
<tr><td>ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု</td><td colspan="3">-</td></tr>
<tr><td>အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု</td><td colspan="3">-</td></tr>
</table>

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ နှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများလည်း မရှိပါ။အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေရသည့် မိသားစုများလည်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ√ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ☐ |
